# အသင်းတော်၌ အမျိုးသမီးတို့၏ အခန်းကဏ္ဍ
# The Position Of Women In The Church

အသင်းတော်၏တာဝန်များကို အမျိုးသမီးများ လုပ်ဆောင်နိုင်ပါသလား? ယနေ့အသင်းတော်များတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော် ဖော်ပြချက်ထက် လောက၏စကားကို နားထောင်နေကြသည်၊ ကျွန်တော်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ရှင်းလင်းစွာ နားထောင်ကြပါစို့၊ နှုတ်ကပတ်တော်သည် ကျွန်တော်တို့ မေးမြန်းသော မေးခွန်းများတို့ကို တိကျစွာဖြင့် ဖြေဆိုပါလိမ့်မည်။ ကျွန်တော်တို့၏ လူသာရင်အသင်းတော်သည် ရှင်းလင်းစွာဖော်ပြထားသော ဘုရားသခင်၏ နှုတ်ကပတ်တော်ဖော်ပြချက်တို့ကို သစ္စာရှိစွာဖြင့် ခံယူနိုင်ကြပါစေ။

## ယောကျ်ားနှင့် မိန်းမကို ဖန်ဆင်းခြင်း

ယောကျ်ားနှင့်မိန်းမတို့၏ ဆက်စပ်မှုကို ရှင်းလင်းစွာသိရှိနိုင်ရန် ဘုရားသခင်မှ ယောကျ်ားကို ဖန်ဆင်းတော်မူခဲ့သော ဖန်ဆင်းခြင်း ဆဋ္ဌမနေ့ကို လေ့လာရန် လိုအပ်ပါမည်။ ဘုရားသခင်သည် ယောကျ်ားကို ဖန်ဆင်းပြီးမှ မိန်းမ ဧဝကို ဖန်ဆင်းခဲ့ပါသည်။ **" ထိုအခါ ထာဝရအရှင် ဘုရားသခင်သည် လူကို ကြီးစွာသောအိပ်ခြင်း ဖြင့် အိပ်စေတော်မူ၍၊ လူသည် အိပ်ပျော်စဉ် နံရိုးတစ်ချောင်းကို ဘုရားသခင်ထုတ်ပြီးလျှင် ထိုအရိုးအစား အသားကို စေ့စပ်စေတော်မူ၏။ ထာဝရဘုရားသခင်သည် လူထဲကထုတ်သော နံရိုးဖြင့် လူမိန်းမကို ဖန်ဆင်း၏။ လူရှိရာသို့ ဆောင်ခဲ့တော်မူ၏။"** ကမ္ဘာ ၂း ၂၁ - ၂၂ မိန်းမကို ယောကျ်ား အာဒံအတွက် တော်လျော်သော ကူညီဖော်အဖြစ် ဖန်ဆင်းထားခဲ့ပါသည်။

မိန်းမသည် အာဒံ၏နံရိုးနှင့် ဖန်ဆင်းခဲ့မှုသည်ပင် ယောကျ်ား၏ဘေးနားတွင်နေ၍ ကူညီရန်ဟူသော ထူးခြားသည့်အဓိပ္ပါယ် ရှိနေပါသည်။ ယောကျ်ားသည် အိမ်ထောင်၏ဦးစီးဖြစ်ပြီး မိန်းမသည် ကူညီဖော် ဖြစ်ပါသည်။

## ဘုရားသခင်နှင့် ယောကျ်ားမိန်းမ ဆက်နွယ်မှု

ဘုရားသခင်၏ ပညတ်တော်အရ ယောကျ်ားနှင့်မိန်းမ နှစ်ဦးစလုံးသည် အပြစ်ကျူးလွန်သူများ ဖြစ်ကြပါသည်။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ မည်သူမျှ ကောင်းစွာလုပ်ဆောင်ခဲ့ခြင်း မရှိပါ။ တစ်ဦးမျှ မရှိပါ။ အားလုံးတို့သည် အပြစ်ပါလျှက်မွေးဖွားခဲ့သဖြင့် ဘုရားသခင်ထံတော်မှ သွေဖယ်သွားကြပါသည်။ ရောမသြဝါဒစာ အခန်းကြီး(၃)တွင် ယောကျ်ားနှင့်မိန်းမတို့သည် အပြစ်သားများဖြစ်၍ ကယ်တယ်ရှင်လိုအပ်ကြောင်း ဖော်ပြထားပါသည်။

သခင်ယေရှုသည် အပြစ်သားဖြစ်သော ယောကျ်ား၊ မိန်းမတို့ကို ကယ်တင်ရန် ကြွလာခဲ့ပါသည်။ သခင်ယေရှုသည် ယောကျ်ားအားလုံး မိန်းမအားလုံးတို့၏ ကယ်တင်ရှင် ဖြစ်ပါသည်။ အားလုံးတို့၏အပြစ်များကို ကိုယ်စားခံယူခဲ့ပါသည်။ ကျွန်တော်တို့အားလုံး အပြစ်သားများဖြစ်၍ ယင်းအပြစ်များအားလုံးကို သခင်ယေရှုသည် ကရာနီတောင်ကုန်းတွင် ကိုယ်စားခံယူသွားခဲ့ပါသည်။ ယခု ဘုရားသခင်သည် လူသားအားလုံးကို နောင်တရရန်နှင့် ယုံကြည်ရန် ဖိတ်ခေါ်လျှက်ရှိနေပါသည်။

ယောကျ်ားနှင့်မိန်းမတို့သည် အပြစ်သားများဖြစ်ပြီး အပြစ်လွတ်ခွင့်လိုအပ်သူများအနေဖြင့် တူညီသော်လည်း တခြားတစ်ဖက်တွင်မူ ခြားနားမှုများစွာ ရှိနေပါသည်။ မိန်းမတို့သည် ကလေးမွေးဖွားပေးရမည့်တာဝန်ကို ပေးအပ်ထားသည်ကို မည်သူမျှ မငြင်းနိုင်ပါ။ ကလေးမွေးဖွားခွင့်ကို မိန်းမကိုသာပေးအပ်ထားပြီး ယောကျ်ားကို မပေးထားပါ။ ဤသည်ပင် ရိုးရှင်းသော လိင်ခြားနားမှုတရပ် ဖြစ်ပါသည်။ သာမန်အားဖြင့် ယောကျ်ားသည် မိန်းမထက်

ကိုယ်ကာယသန့်စွမ်း သူများ ဖြစ်ကြပါသည်။ ဤသည်ထက်ပင် များစွာသော ခြားနားမှုတို့ကို သူတို့၏ဘဝတွင် ဘုရားသခင် ပေးအပ်ထားပါသည်။

## ယောကျ်ား၊ မိန်းမ နှင့် အိမ်ထောင်

**" ခရစ်တော်ကို ခန့်ညားသောအားဖြင့် တစ်ယောက်အောက်တစ်ယောက် ကိုယ်ကိုနှိမ့်ချလျက် နေကြလော့" ဧဖက် ၅ : ၂၁** တစ်ဦးနှင့်တစ်ဦး ဘဝအသက်တာမှတ်တိုင်ကို လျှောက်လှမ်းနေစဉ်ပင် တစ်ဦးနှင့်တစ်ဦး နှိမ့်ချလျက် ဆက်ဆံကြရန် ဘုရားသခင် မိန့်မှာတော်မူပါသည်။ ယင်းကဲ့သို့ မိန့်မှာတော်မူသော ဘုရားမှာ ဧဒင်ဥယျာဉ်တွင် မိန်းမအား ယောကျ်ားထံပေးအပ်၍ ထိမ်းမြားပေးခဲ့သော ဘုရားပင် ဖြစ်ပါသည်။ ယင်းဘုရားပင် မတူညီသော လူသားနှစ်ဦးအား အိမ်ထောင်တွင် ခြားနားသောတာဝန်များ ပေးအပ်ဖန်ဆင်းခဲ့ပါသည်။

**"အချင်းမိန်းမတို့ ၊ ဘုရားသခင်၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့ ကိုယ့်ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံကြလော့။ အကြောင်းမူကား ခရစ်တော်သည် အသင်းတော်၏အပေါ်မှာ ခေါင်းဖြစ်တော်မူသကဲ့သို့ ယောကျ်ားသည် မိမိခင်ပွန်း၏အပေါ်မှာ ခေါင်းဖြစ်၏။ ခရစ်တော်သည်လည်း မိမိကိုယ်ကို ကယ်တင်သောသူ ဖြစ်တော်မူ၏။ အသင်းတော်သည် ခရစ်တော်၏အုပ်စိုးခြင်းကို ဝန်ခံသကဲ့သို့ မိန်းမတို့သည်လည်း ကိုယ့်ခင်ပွန်း၏အုပ်စိုးခြင်းကို အရာရာ၌ ဝန်ခံကြရမည်။" ဧဖက် ၅ : ၂၂ - ၂၄** အသင်းတော်သည် ခရစ်တော်ကို မဆန့်ကျင်သကဲ့သို့ မိန်းမတို့သည်လည်း မိမိယောကျ်ား၏စကားနားထောင်ပြီး မဆန့်ကျင်ရပါ။ အသင်းတော်သည် သူ၏သခင်ဖြစ်သော ခရစ်တော်၏စကားကို နားထောင်လျှက်ရှိနေပါသည်။ ထို့အတူ မိန်းမတို့သည်လည်း မိမိယောကျ်ား၏စကားကိုနားထောင်ရပါမည်။ မိန်းမသည် မိမိယောကျ်ားလုပ်ဆောင်ချက်များနှင့် ပြောဆိုချက် အားလုံးကို သဘောတူမှ တူပါမည်။ သို့ရာတွင် ယောကျ်ားမှ မိမိအား အပြစ်တရားသို့ ရောက်စေသော လုပ်ဆောင်မှုမှလွဲ၍ အရာရာတွင် နာခံရပါမည်။ **" အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့ သင်တို့လည်း ကိုယ့်ခင်ပွန်းကို ချစ်ကြလော့။ . . . ထိုနည်းတူ ယောကျ်ားတို့သည် မိမိကိုယ်ကို ချစ်သကဲ့သို့ မိမိခင်ပွန်းတို့ကို ချစ်ကြရမည်။ ခင်ပွန်းကို ချစ်သောသူသည် ကိုယ့်ကိုယ်ကို ချစ်သောသူ ဖြစ်၏" ဧဖက် ၅ : ၂၅ - ၂၈** ဘုရားသခင်သည် အသင်းတော်ကို ကြီးမားသောချစ်ခြင်းမေတ္တာ ထားရှိသကဲ့သို့ ယောကျ်ားတို့သည်လည်း ထိုနည်းအတိုင်း ထားရှိရပါမည်။ **"အချင်းယောကျ်ားတို့ ကိုယ့်ခင်ပွန်းကို ချစ်ကြလော့၊ ကြမ်းတမ်းစွာ မပြုကြနှင့်" ကောလောသဲ ၃ : ၁၉ " ယောကျ်ားတို့ . . . သတိပညာနှင့်လျော်စွာ ကိုယ့်ခင်ပွန်းနှင့်အတူနေ၍၊ အားနည်းသောသူကို ပြုသင့်သည့်အတိုင်း သူ့ကို စောင့်မပြုစုကြလော့" ၁ ပေ ၃ : ၇** ဤကျမ်းပိုဒ်များအရ ယောကျ်ားသည် မိန်းမအား ရက်စက်ကြမ်းတမ်းစွာ ပြုခွင့်မရှိပါ။ မိန်းမကို အုပ်စိုးခွင့်ရှိပါသည်။ သို့သော် ချစ်ခြင်းမေတ္တာဖြင့်သာ အုပ်စိုးရပါမည်။

## ယောကျ်ား၊ မိန်းမ နှင့် အသင်းတော်

ဘုရားသခင်သည် အိမ်ထောင်နှင့်မိသားစုကို တည်ဆောက်ခဲ့ပါသည်။ ယင်းကဲ့သို့ပင် မြေကြီးပေါ်တွင် ဘုရားသခင်၏အသင်းတော်ကိုလည်း တည်ဆောက်ထားပါသည်။ မိသားစုတွင်ရှိနေသောသူများ၏ တာဝန်ဝတ္တရားများကိုလည်း သတ်မှတ်လမ်းညွှန်ထားခဲ့သကဲ့သို့ အသင်းတော်တွင်လည်း သတ်မှတ်ပေးထားခဲ့ပါသည်။ ယောကျ်ားသည် အိမ်တွင် အိမ်ထောင်ဦးစီးဖြစ်ပြီး ဇနီးမိန်းမအပေါ် အုပ်စိုးရသူ ဖြစ်သကဲ့သို့ အသင်းတော်တွင်လည်း အုပ်စိုးသူ ဖြစ်ပါသည်။ ဓမ္မသစ်ကျမ်းတွင် သာသနာပိုင်၊ သင်းထောက်နှင့် သင်းအုပ်တို့သည် အသင်းတော်ကို

ဦးစီးသူများအဖြစ် ဖော်ပြထားပါသည်။ ယင်းတို့ တစ်ဦးစီ၏ အရည်အချင်း သတ်မှတ်ချက်များစွာထဲတွင် **“ မယားတစ်ယောက်တည်း ရှိသောသူ ဖြစ်ရမည်”** ဟု ပါရှိပါသည်။ **၁ တိမောဒ ၃း၂ ၊၃း၁၂ ၊တိတု ၁း၆။** ဤကဲ့သို့ ဖော်ပြရခြင်းမှာလည်း တချိန်တွင် လူတို့သည် ဘုရားသခင်၏ သန့်ရှင်းသောမိန့်မှာချက်မှ သွေဖယ်မည်ကို ကြိုတင်သိသောကြောင့် ဖြစ်ပါသည်။ ခေါင်းဆောင်၊ ဓမ္မဆရာ ဆိုသည်မှာ အသင်းတော်ရှိယောကျ်ားများ၊ မိန်းမများနှင့် ကလေးများအပေါ် အုပ်စိုးသူဖြစ်ပြီး အသင်းတော်၏ ဦးစီးခေါင်းဆောင်လည်း ဖြစ်ပါသည်။ ယင်းကဲ့သို့ ဦးစီးသူမှာ အိမ်ထောင်မိသားစုကို ဦးစီးသော ယောကျ်ားသာလျှင် ဖြစ်ရပါမည်။ **“မိန်းမသည် အုပ်စိုးခြင်းကို အစဉ်ဝန်ခံ၍ တိတ်ဆိတ်စွာသင်စေ။ မိန်းမသည် ဆုံးမဩဝါဒပေးခြင်း၊ ယောကျ်ားကို အစိုးတရပြုစေခြင်းအခွင့်ကို ငါမပေး။ သူသည် တိတ်ဆိတ်စွာနေအပ်၏။ ” ၁ တိမော ၂ း ၁၁ - ၁၂** မိန်းမသည် တခြားမိန်းမနှင့်ကလေးများကို သင်ကြားပေးနိုင်ပါသည်။ သို့သော် အသင်းတော်တွင် မိန်းမသည် ယောကျ်ားများကို သင်ပြတိုက်တွန်းခြင်းသည် သန့်ရှင်းသော မိန့်တော်မူချက်ကို ဆန့်ကျင်ပုန်ကန်ရာရောက်ပါသည်။ အသင်းတော်၏ အခွင့်အာဏာသည် ယောကျ်ားပေါ်တွင်သာ ပတ်စည်းထားပါသည်။ ယင်းတိကျသောဖော်ပြချက်များကို တိမောသေနှင့် တိတုဩဝါဒစာများတွင် ရှင်းလင်းစွာ ဖော်ပြထားပါသည်။ အကယ်၍ အသင်းတော်တွင်မိန်းမအား ဓမ္မဆရာ (သို့)သင်းအုပ်အဖြစ် ယောကျ်ားအစား ခန့်အပ်ပါက ယောကျ်ားများအပေါ် မည်သူက အုပ်စိုးမည်နည်း?။ အကယ်၍ အသင်းတော်ကိစ္စရပ်များကို မိန်းမက စီရင်ဆုံးဖြတ်ခြင်းသည် ယောကျ်ားများကို အုပ်စိုးခြင်းပင် ဖြစ်ပါသည်။ အကယ်၍ မိန်းမတဦးသည် ကျမ်းစာသင်တန်းပေးခြင်း၊ ဥပုသ်စာဖြေသင်ကြားခြင်းများပြုရာတွင် ယောကျ်ားများမှ သင်ကြားခံယူပါက ယောကျ်ားများအပေါ် အုပ်စိုးခြင်း ဖြစ်လာပါသည်။ အသင်းတော်တွင် မိန်းမသည် မည်သည့်ရာထူးဖြင့်ဖြစ်စေ တာဝန်ရှိသူအဖြစ် တာဝန်ယူဆောင်ရွက်ခြင်းသည်လည်း ယောကျ်ားများအပေါ် အုပ်စိုးခြင်းပင်ဖြစ်ပြီး ဘုရားသခင်၏မိန့်မှာချက်အတိုင်းမဟုတ်တော့ပါ။ ကျွန်တော်တို့ကိုယ်ပိုင် အယူအဆ အတွေးအခေါ်နောက် လိုက်ပါလုပ်ဆောင်လျှင် အပြစ်ကျူးလွန်သူများ ဖြစ်ပါလိမ့်မည်။

ရှင်ပေါလုသည် ကောရိန်သု အသင်းတောသင်းတော်သို့တိကျသောကျင့်ဝတ်များရေးပေးခဲ့ပြီး တိမောသေအားလည်း သိစေခဲ့ပါသည်။ **“ ဘုရားသခင်သည် ရုန်းရင်းခတ်သောအမှုကို ပြုစုတော်မမူ။ သန့်ရှင်းသူတို့၏ အသင်းတော် အပေါင်းတို့၌ဖြစ်သကဲ့သို့ အသင့်အတင့် ငြိမ်ဝပ်ခြင်းကို ပြုစုတော်မူ၏။ သင်တို့၏မိန်းမတို့သည် အသင်းတော်၌ တိတ်ဆိတ်စွာနေကြစေ။ သူတို့သည် ဟောပြောရသောအခွင့်မရှိကြ။ ပညတ်တရားစီရင်သည့်အတိုင်း သူတို့သည် ယောကျ်ား၏အုပ်စိုးခြင်းကို ဝန်ခံကြရပေမည်။ မိန်းမတို့သည် တစုံတစ်ခုကို သင်လိုလျှင် အိမ်၌ ခင်ပွန်းတို့ကို မေးမြန်းကြစေ။ မိန်းမသည် အသင်းတော်၌ဟောပြောလျှင် ရှက်ဖွယ်သောအကြောင်းဖြစ်၏။ ဘုရားသခင်၏ နှုတ်ကပတ်တော် တရားတော်သည် သင်တို့မှထွက်သလော၊ သို့မဟုတ် သင်တို့သို့ သာရောက်သလော။” ၁ ကော ၁၄ း ၃၃ - ၃၆ ။** ဤသို့ဖော်ပြရခြင်းသည် ရှင်ပေါလုအတွက် အလွန်ပင်ခက်ခဲမည်မှာ အသေအချာပင် ဖြစ်ပါမည်။ ကျွန်တော်တို့ကော ဘာပြောမည်နည်း?။

**ရှင်ပေါလုမှ ကောရိန္သုအသင်းတော်အတွက်သတ်မှတ်ပေးလိုက်သောကျင့်ဝတ်မှာလွန်စွာပင်ကျပ်တည်း ပြင်းထန်လှပါသည်။** ကောရိန်သုအသင်းတော်တွင် ဘာသာစကားအမျိုးမျိုးပြောဆိုခြင်းတွင် ရှုပ်ထွေးမှုရှိနေခြင်း၊ ဝိညာဉ်တော်ခံယူခြင်းတွင်လည်း ကွဲပြားနေခြင်း၊ မိန်းမများသည် ယောကျ်ားတို့၏နေရာများကို ပါဝင်ယူဆောင်ပြီး ယောကျ်ားတို့ကို အုပ်စိုးနေခြင်းတို့ ဖြစ်နေခဲ့ပါသည်။ ဝတ်ပြုကိုးကွယ်ရာတွင် ယောကျ်ားများသာ သင်ကြား ဟောပြောခွင့်

ရှိပါသည်။ကောရိန်သုသင်းတော်ရှိ မိန်းမများနှင့် အခြားမိန်းမတို့သည် ဝန်ခံတတ်သောသဘောရှိရမည် ဖြစ်ပြီး ယောကျ်ားဓမ္မဆရာများကို အများရှေ့တွင် ခုခံပြောဆိုခြင်း၊ စောဒကတက်ခြင်းများ မပြုလုပ်ရပါ။

**ယနေ့**

**မိန်းမသည် အသင်းတော်၏ ဟောပြောသူ(သို့)သင်းအုပ်အဖြစ် ဆောင်ရွက်နိုင်ခွင့်ရှိပါသလား? မိန်းမတို့သည် အသင်းတော်၏ လုပ်ငန်းများကို ပါဝင်လုပ်ဆောင်ပြီး ယောကျ်ားများကို အုပ်စိုးနိုင်ခွင့်ရှိပါသလား?။ ဘုရားသခင်၏နှုတ်ကပတ်တော်က မရှိ** ဟုဆိုပါသည်။ မိန်းမသည် မိန်းမအချင်းချင်း(သို့)ကလေးများကို သင်ကြားခြင်းသည် နှုတ်ကပတ်တော်အရ ဖြစ်ပါသည်။ ဤအချက်နှင့်ပါတ်သက်၍လည်း အငြင်းပွါးမှုတချို့ ရှိနေသော်လည်း ဘုရားသခင်တွင် ရည်ရွယ်ချက်တစ်ခု ရှိပါမည်။

**ဘုရားသခင်၏အမိန့်တော်မှာ အသင်းတော်တွင် ယောကျ်ားများကိုသာ အုပ်စိုးခွင့်ပေးထားပါသည်။ ယင်းကဲ့သို့ပင် အိမ်ထောင်တွင်လည်း ယောကျ်ားသာလျှင် အုပ်စိုးရပါသည်။**

တချို့ကကောရိန်သုအသင်းတော်သို့ ရှင်ပေါလုရေးသားထားချက်များတို့သည် ယနေ့ကာလအတွက် အကျုံးမဝင်ဟု ဆိုကြပါသည်။ ထိုအချက်ကို သူတို့မှ ရှင်းလင်းရပါလိမ့်မည်။

ကောရိန်သုအသင်းတော်တွင် ကျင့်သုံးသောထုံးစံများကို ယနေ့ ကျွန်တော်တို့ ဆက်လက်စွဲကိုင်ရန်မလိုဟု ဆိုနိုင်ပါသည်။ မှန်ပါသည်။ လုံလောက်သော ရှင်းလင်းချက် ဖြစ်ပါသည်။

သို့ရာတွင် ဘုရားသခင်၏အမိန့်တော်ဖြစ်သော အသင်းတော်နှင့်အိမ်ထောင်တွင် ယောကျ်ားများသာ အုပ်စိုးရမည်ဆိုသော မိန့်မှာချက်မှာမူ မျိုးရိုးအဆက်ဆက်ကြာလာသည့်တိုင် တည်မြဲလျှက်ပင် ရှိနေပါသည်။ ချစ်ဖွယ်သော ကယ်တင်ရှင်၏ နှုတ်ကပတ်တော်သည် ကျွန်တော်တို့အား အမှန်တရားကို ညွှန်ပြနေ၍ ဖြစ်ပါသည်။

ကျွန်တော်တို့ ဘုရားသခင်၏စကားကို နားထောင်ကြပါစို့။ **ဖြစ်ပျက်ပြောင်းလဲနေသော လောကကြီးတွင် နေထိုင်သော အပြစ်ရှိနေသည့် လူသားတို့၏ အယူအဆများကို ခံယူပါက ချစ်ဖွယ်သော ဘုရားသခင်ကို ပုန်ကန် ဆန့်ကျင်ရာ ရောက်ပါလိမ့်မည်။**

**အချုပ်အားဖြင့် လူသာရင်အသင်းသားတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်းသာသွားပြီး နှုတ်ကပတ်တော်ထက်ကျော်မသွားပါ။ ကျွန်တော်တို့သည် အမျိုးသမီးများ စီးပွါးရေး၊ နိုင်ငံရေးနှင့် အစိုးရများတွင် ပါဝင်နေမှုကို မည်သို့မျှမပြောပါ။ နှုတ်ကပတ်တော်သည် ယင်းကိစ္စကို ဖော်ပြမထားပါ။ ယင်းကိစ္စများတွင် ကျွန်တော်တို့ တိတ်ဆိတ်စွာပင် နေပါမည်။**

ဘာသာပြန်သူ　　　　Rev. Charles Edwards
ဘုန်းတော်ကြီး ချားလ်စ်အက်ဒွပ်
သင်းအုပ်
တိုင်းရင်းသားလူသာရန်အသင်းတော်
ရန်ကုန်မြို့၊ မြန်မာပြည်
charlesedwards56@gmail.com